# ဓမ္မခန္ဓာ (၄၂) “တိုင်ပင်ညှိနှိုင်းခြင်း” (အရ်ှရူရာဟ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၆၂။ သုတ်ဒေသနာ– ၅၃ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။<br>☆၄၀း၁ | **حم**۝<br>ဟာ၊မင်။☆ |
| ၂။ | **عسق**۝<br>အိုင်၊ ဆင်၊ ကာဖ့်။[၉၃၇] |
| ၃။ | **كَذَلِكَ يُوحِي إِلَيْكَ وَإِلَى الَّذِينَ مِن قَبْلِكَ اللَّهُ الْعَزِيزُ الْحَكِيمُ**۝<br>ဤသည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်သော ပရမတ်ဘုရားရှင်၏ထံမှ သင့်မတိုင်မီ သူများထံသို့ ကဲ့သို့ သင့်ထံသို့ အာရုံစျာန်ကိန်းဝပ်ပေးခြင်း ဖြစ်၏။ |
| ၄။ | **لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَهُوَ الْعَلِيُّ الْعَظِيمُ**۝<br>မိုးများအတွင်း မြေအတွင်း ရှိသမျှသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် အမြင့်မြတ်ဆုံး အကြီးကျယ်ဆုံး ဖြစ်၏။ |
| ၅။ | **تَكَادُ السَّمَاوَاتُ يَتَفَطَّرْنَ مِن فَوْقِهِنَّ وَالْمَلَائِكَةُ يُسَبِّحُونَ بِحَمْدِ رَبِّهِمْ وَيَسْتَغْفِرُونَ لِمَن فِي الْأَرْضِ أَلَا إِنَّ اللَّهَ هُوَ الْغَفُورُ الرَّحِيمُ**۝<br>ကောင်းကင်များသည် သူတို့အပေါ်သို့ ပြိုကျလုဆဲဆဲတွင် နိမိတ်ဆောင်တို့သည်ကား ကံကြမ္မာရှင်အား ဦးထိပ်ထား လျှက် ရည်သန်စူးစိုက်နေကြ၍ မြေကမ္ဘာ၌ ရှိသူတို့ အတွက် လွတ်ငြိမ်းခွင့်ကို ပန်နေကြ၏။ အမှန်သော်ကား ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၉၃၈] |

(၉၃၆) **ကုန်စင်သိနေသော၊ ကုန်စင်ကြားနေသော၊ ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်သည့် ပရမတ်ဘုရားရှင်၏ထံမှ**– ဤသုတ်တော်မှ အာရ်ဗီဝေါဟာရ အတိုကောက် **အိုင်** မှာ **အာအ်လမ်** ကုန်စင်သိနေသော၊ **ဆင်**မှာ **ဆမီးအွန်** ကုန်စင်ကြားနေသော၊ **ကာဖ့်**မှာ **ကဒီးရွန်** ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်တော်မူသော အရှင်ဟု ဖြစ်ပေသည်။

(၉၃၇)ဤသုတ်တော်သည် ရုပ်ပိုင်း၊ နာမ်ပိုင်း နှစ်မျိုးစလုံးအတွက် ရည်ညွှန်းပေသည်။ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် နိမိတ်ဆောင် (တတ်သိပညာရှင်)များက ကမ္ဘာမြေရှိ သက်ရှိများ အားလုံးအပေါ်သို့ ကျရောက်နိုင်မည့် ဘေးလက္ခဏာများကို တွက်ချက် သိရှိကာ ပူပန်သောက ရောက်လျှက် ထိုဘေးအပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းများကို ရှာဖွေခြင်းများကို ရည်ညွှန်းပေသည်။ ဥပမာအားဖြင့် အိုဇုန်းလွှာ ပေါက်ပြဲခြင်း၊ ကမ္ဘာကြီး ပူနွေးလာခြင်း၊ လေထုညစ်ညမ်းခြင်း၊ မုန်တိုင်းတိုက်ခိုက်ခြင်း၊ အက်စက်မိုးများ ရွာသွန်းနိုင်ခြင်းများကို ကာကွယ်နိုင်သည့် နည်းလမ်းများကို ရှာဖွေကြံဆခြင်းများ ဖြစ်ပေသည်။ ထိုသို့နည်းလမ်း ရှာဖွေရာတွင် လူသားနှင့် သက်ရှိများကို ကာကွယ်ပေးနိုင်အံ့ငှာ စေတနာဖြင့် စူးစမ်းသောကြောင့် ကံကြမ္မာရှင်အား ဦးထိပ်ထား ရည်သန်စူးစိုက်၍ ဆောင်ရွက်သည်ဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ အလ္လာဟ်အရှင် ချမှတ်ထားသော နိယာမများသည် အကောင်းမှာ မည်သည့် အခြေအနေတွင် အဆိုး ဖြစ်သွားနိုင်သည်၊ အဆိုးသည် မည်သည့် အခြေအနေတွင် အကောင်းဖြစ်သွားနိုင်သည် ဟူသည့် ပြဋ္ဌာန်းချက်များ ရှိပြီးသား ဖြစ်ရာ– ထိုသို့ ရာသီဥတုဖေါက်ပြန်လာခြင်း လေထုညစ်ညမ်းခြင်းများကို မည်သည့် အခြေအနေသို့ ပြောင်းလဲပစ်နိုင်လျှင် အကောင်းပြန်၍ ဖြစ်လာနိုင်သည်ဟူသည့် အချက်ကို တွေ့ရှိလာမည် ဖြစ်သည်၊ အရှင်သည် အဆိုးအား ဆက်လက် ဆိုးဝါးစေသော အခြေအနေချည်း ပြဋ္ဌာန်းထားခြင်း မရှိချေ။ ထို့ကြောင့် အရှင့်အား လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဟု

၆။ وَالَّذِينَ اتَّخَذُوا مِن دُونِهِ أَولِيَاء اللَّهُ حَفِيظٌ عَلَيْهِمْ وَمَا أَنتَ عَلَيْهِم بِوَكِيلٍ۞

ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျှက် ကွပ်ကဲသူရှိသည်ဟု အယူထားသောသူတို့- ထိုသူတို့အား စောင့်ကြည့်ထားတော်မူ၏၊ သင်သည် သူတို့အတွက် ကိုယ်စားလှယ် မဟုတ်ချေ။

၇။ وَكَذَلِكَ أَوْحَيْنَا إِلَيْكَ قُرْآنًا عَرَبِيًّا لِّتُنذِرَ أُمَّ الْقُرَى وَمَنْ حَوْلَهَا وَتُنذِرَ يَوْمَ الْجَمْعِ لَا رَيْبَ فِيهِ فَرِيقٌ فِي الْجَنَّةِ وَفَرِيقٌ فِي السَّعِيرِ۞

သင်သည် မြို့တို့၏ မိခင်နှင့် ၎င်း၏ ပတ်ဝန်းကျင်၌ သတိပေးပေးရန်၊ ဤသို့ပင် ငါသည် သင့်ထံသို့ အာရဗီ ကုရ်အာန်အား အာရုံစူးနှစ်ကိန်းဝပ်စေခဲ့၏။ သံသယ ဖြစ်ဖွယ်မရှိ အလုံးစုံ စုပေါင်းသော နေ့ကာလ အကြောင်း သတိပေးပေးရန်လည်း ဖြစ်၏။ အုပ်စုတစ်စုသည် ဥယျာဉ်ဘုံထဲ၌၊ အုပ်စုတစ်စုသည် ကျက်ကျက်တောက် အပူထဲ၌ ဖြစ်ရလတ္တံ့။

၈။ وَلَوْ شَاء اللَّهُ لَجَعَلَهُمْ أُمَّةً وَاحِدَةً وَلَكِن يُدْخِلُ مَن يَشَاء فِي رَحْمَتِهِ وَالظَّالِمُونَ مَا لَهُم مِّن وَلِيٍّ وَلَا نَصِيرٍ۞

☆၂း၇၀ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီခဲ့လျှင်☆ အရှင်သည် သူတို့အား အသိုင်းအဝိုင်း တစ်ခုတည်းအဖြစ် စီမံတော်မူခဲ့လတ္တံ့။ သို့ရာတွင် စံချိန်ပြည့်မှီသူတို့ကိုသာ ကရုဏာတော်အတွင်းသို့ ဝင်စေတော်မူ၍၊ အဝိဇ္ဇာကောင်တို့ အတွက်မူ ကွပ်ကဲမည့်သူ၊ ကူညီသူဟူ၍ မရှိပြီ။

၉။ أَمِ اتَّخَذُوا مِن دُونِهِ أَوْلِيَاء فَاللَّهُ هُوَ الْوَلِيُّ وَهُوَ يُحْيِي المَوْتَى وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ۞

သူတို့သည် အရှင့်အား ဂုဏ်ပြိုင်၍ ကွပ်ကဲမည့်သူများကို အယူထားခဲ့ကြသလော၊ ပရမတ်ဘုရားရှင်သည်သာ ကွပ်ကဲတော်မူသော အရှင်၊ အနိစ္စကို နိစ္စဖြစ်စေနိုင်သော အရှင် ဖြစ်၏။ အရှင်သည်သာ ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်နိုင်သော အရှင် ဖြစ်၏။

၁၀။ وَمَا اخْتَلَفْتُمْ فِيهِ مِن شَيْءٍ فَحُكْمُهُ إِلَى اللَّهِ ذَلِكُمُ اللَّهُ رَبِّي عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ۞

သင်တို့ ကွဲလွဲငြင်းခုံသည့် အရာ၊ ၎င်း၏ ဓမ္မသတ်မှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏။ ထိုပရမတ်ဘုရားရှင်သည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏။ ကျွန်ုပ်သည် အရှင့်ကိုသာ ယုံပုံကိုးစား၏။ ကျွန်ုပ်သည် အရှင့် ထံသို့ ရိုကျိုးဦးတည်၏။

၁၁။ فَاطِرُ السَّمَاوَاتِ وَالْأَرْضِ جَعَلَ لَكُم مِّنْ أَنفُسِكُمْ أَزْوَاجًا وَمِنَ الْأَنْعَامِ أَزْوَاجًا يَذْرَؤُكُمْ فِيهِ لَيْسَ كَمِثْلِهِ شَيْءٌ وَهُوَ السَّمِيعُ البَصِيرُ۞

မိုးများနှင့် မြေကမ္ဘာ သံသရာ၏ ဇစ်မြစ်တော်အရှင်၊ ထိုအရှင်သည် သင်တို့အတွက် သင်တို့၏ ဉာဉ်စရိုက်တူမှပင် ပေါင်းဖော်များကို စီမံပေး၍၊ တိရိစ္ဆာန်တို့အားလည်း အစုဖွဲ့များ ဖြစ်စေ၏။ သို့ဖြင့် သင်တို့အား ပွားများစေ၏။ တုနှိုင်းရန် စိုးစဉ်းမျှ မရှိသော အရှင်၊ ထိုအရှင်သည် ကြားနေသောအရှင်၊ မြင်နေတော်မူသော အရှင် ဖြစ်၏။[၉၃၉]

၁၂။ لَهُ مَقَالِيدُ السَّمَاوَاتِ وَالْأَرْضِ يَبْسُطُ الرِّزْقَ لِمَن يَشَاء وَيَقْدِرُ إِنَّهُ بِكُلِّ شَيْءٍ عَلِيمٌ۞

မိုးများနှင့် မြေကမ္ဘာ၏ သော့ချက်များသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ စံချိန်ပြည့်မှီသူအား ရိက္ခာကျယ်ဝန်းစေ၍၊ စည်းကြပ်ထားတော်မူ၏။ ကေန်ပင် အရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူ၏။

---

မကြာခဏပြောဆိုခြင်း ဖြစ်ပေသည်။ နာမ်ပိုင်းဆိုင်ရာ အားဖြင့်လည်း လူသား၏ ကောင်းကင်ယံဟု တင်စား ပြောဆိုသော ကုသိုလ်ကောင်းမှု ကျင့်ဆောင်ခြင်းများ ပြိုကွဲပျက်စီးလု အချိန်များတွင် နာမ်ပိုင်းဆိုင်ရာ တတ်သိပညာရှင်များက လူသားများအတွက် သောကထား၍ လမ်းပြပေးခြင်း၊ အနစ်နာခံလျှက် ဟောပြောဆုံးမခြင်းများကို ဤသုတ်တော်က ညွှန်ပြပြောဆိုပေသည်။

(၉၃၉) လူသားတို့၏ အာရုံမှ သိသော အရာများဖြင့် အရှင်အား တုနှိုင်းဖော်ပြရန်ဟူ၍ လုံးဝ မဖြစ်နိုင်ပေ။ အရှင်သည် အတုလံ အတုမရှိသော မည်သို့မှ ပမာဆောင်ပြ၍ မရနိုင်ကောင်းသော သံသရာ အားလုံး၏ အရှင် ဖြစ်ပေသည်။

| | |
|---|---|
| ၁၃။ | شَرَعَ لَكُم مِّنَ الدِّينِ مَا وَصَّى بِهِ نُوحًا وَالَّذِي أَوْحَيْنَا إِلَيْكَ وَمَا وَصَّيْنَا بِهِ إِبْرَاهِيمَ وَمُوسَى وَعِيسَى أَنْ أَقِيمُوا الدِّينَ وَلَا تَتَفَرَّقُوا فِيهِ كَبُرَ عَلَى الْمُشْرِكِينَ مَا تَدْعُوهُمْ إِلَيْهِ اللَّهُ يَجْتَبِي إِلَيْهِ مَن يَشَاءُ وَيَهْدِي إِلَيْهِ مَن يُنِيبُ ۝<br>သင်တို့အတွက် သတ်မှတ်သော သာသနာမှာ နူးဟ်အား မြွက်ဆိုခဲ့ပြီး ဖြစ်၏။ ၎င်းအား သင့်၌ အာရုံစျာန်ကိန်းဝပ်စေသည်မှာ အီးဗရာဟီးမ်၊ မူဆာ၊ ယေရှုတို့အား "သာသနာ၌ ရပ်တည်ကြလော့၊ ၎င်းကို မခွဲခြားပစ်ကြနှင့်၊"ဟု မြွက်ဆိုခြင်း မျိုးသာ ဖြစ်၏။ သူတို့အား သင်၏ ဖိတ်ခေါ်ခြင်းမှာ ရောပြွန်းကိုးကွယ်သူတို့ အတွက် ကြီးလေးလှချေ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မီသူသား အရှင့်ထံသို့ ရွေးကောက်တော်မူ၍၊ ရိုကျိုးဦးလှည့်သူတို့အား အရှင့်ဆီသို့ လမ်းညွှန်တော်မူ၏။[၉၄၀] |
| ၁၄။ | وَمَا تَفَرَّقُوا إِلَّا مِن بَعْدِ مَا جَاءَهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ إِلَى أَجَلٍ مُّسَمًّى لَّقُضِيَ بَيْنَهُمْ وَإِنَّ الَّذِينَ أُورِثُوا الْكِتَابَ مِن بَعْدِهِمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ ۝<br>သူတို့ထံသို့ ပညာအလင်းရောင် ရောက်ရှိပြီးနောက် သူတို့ချင်းကြား အာဃာတကြောင့်သာ ဂိုဏ်းကွဲကြကုန်၏။ သတ်မှတ်ပြီး အချိန်သည် သင့် ကံကြမ္မာရှင်၏ ထံမှ ပြဋ္ဌာန်းပြီး ဓမ္မတော် မဟုတ်ခဲ့လျှင်၊ သူတို့၏ကြား အဆုံး သတ်ပြီးလတ္တံ့၊[၉၄၁] သူတို့၏ နောက်မှ ကျမ်းတော်အား အမွေဆက်ခံသူတို့သည် ၎င်း၌ ယုံမှား သံသယကြီး ရှိနေ၏။ |
| ၁၅။ | فَلِذَلِكَ فَادْعُ وَاسْتَقِمْ كَمَا أُمِرْتَ وَلَا تَتَّبِعْ أَهْوَاءَهُمْ وَقُلْ آمَنتُ بِمَا أَنزَلَ اللَّهُ مِن كِتَابٍ وَأُمِرْتُ لِأَعْدِلَ بَيْنَكُمُ اللَّهُ رَبُّنَا وَرَبُّكُمْ لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ لَا حُجَّةَ بَيْنَنَا وَبَيْنَكُمُ اللَّهُ يَجْمَعُ بَيْنَنَا وَإِلَيْهِ الْمَصِيرُ ۝<br>သို့ဖြစ်၍၊ ဖိတ်ခေါ်မှုပြုလော့၊ သင့်အား စီမံပေးချက်အတိုင်း ရပ်တည်လော့၊ သူတို့၏ လိုဘများနောက်သို့ မလိုက်နာလင့်။ ဟောလော့ "ကျွန်ုပ်သည် ပရမတ်ဘုရားရှင်က ကိန်းဝပ်ချမှတ်ပေးသည့် ကျမ်းတော်ကို ယုံကြည်၏၊ ကျွန်ုပ်၏ကြား သင်တို့၏ ကြား၌ တရားမျှတရန် မိန့်ညွှန်၏။ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့ ကျင့်ကြံရာသည် ရှိ၍၊ သင်တို့အတွက် သင်တို့၏ ကျင့်ကြံရာသည် ရှိ၏။ ကျွန်ုပ်တို့ကြားနှင့် သင်တို့ကြား၌ စေဒကတက်ရန် အလိုပေ၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့ အားလုံးကို စုစည်းတော်မူလတ္တံ့၊ အရှင်ထံသို့သာ ခရီးဆုံးပန်းတိုင်သည် ဖြစ်၏။" |
| ၁၆။ | وَالَّذِينَ يُحَاجُّونَ فِي اللَّهِ مِن بَعْدِ مَا اسْتُجِيبَ لَهُ حُجَّتُهُمْ دَاحِضَةٌ عِندَ رَبِّهِمْ وَعَلَيْهِمْ غَضَبٌ وَلَهُمْ عَذَابٌ شَدِيدٌ ۝<br>အရှင့်အား နာခံစေပြီးသည့် နောက်မှ ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောဒကတက်သောသူ၊ သူတို့၏ ငြင်းခုံမှုသည် သူတို့၏ ကံကြမ္မာရှင်ထံပါး၌ အသုံးမဝင်ချေ။ သူတို့အား ကံကြီးသင့်စေမည်သာ၊ သူတို့အတွက် ပြတ်သားသော ဝဋ်ကြွေးသည် ရှိ၏။ |
| ၁၇။ | اللَّهُ الَّذِي أَنزَلَ الْكِتَابَ بِالْحَقِّ وَالْمِيزَانَ وَمَا يُدْرِيكَ لَعَلَّ السَّاعَةَ قَرِيبٌ ۝<br>ပရမတ်ဘုရားရှင်သည် ကျမ်းတော်နှင့် တိကျသည့်စံချိန်ကို မှန်ကန်ညီညွတ်စွာ ကိန်းဝပ်ချမှတ်ပေးတော်မူ၏။ အချိန်နာရီသည် နီးကပ်လာနေနိုင်ကြောင်း သင့်အား မည်သည်က နားလည်စေနိုင်မည်နည်း။ |

(၉၄၀) အစ္စလာမ် သာသနာသည် ဉာဏ်စဉ်တော်ဆောင်များ ခေတ်အဆက်ဆက်ကပင် လူသားတို့၏ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သော လမ်းစဉ်ဖြစ်သည်။ ထိုသာသနာအား ခိုင်မာတိကျစေရန် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် အကြောင်းကို ရှေးကိုယ်တော် အဆက်ဆက်မှပင် ပြောခဲ့ပြီး ဖြစ်လေသည်။

(၉၃၂) ပရမတ်ဘုရားရှင်သည် အတိုင်းအဆ အချိန်ကာလကို နိယာမပြဋ္ဌာန်းပြီးဖြစ် ထိုအချိန်အဆသို့ စံချိန်မပြည့်မီဘဲလျှက် လူသား၏ စိတ်အလိုသို့လိုက်၍ ဖြစ်ချင်တိုင်း ဖြစ်စေ၍ မရချေ။

| | |
|---|---|
| ၁၈။<br>အချိန်<br>နာရီ | **يَسْتَعْجِلُ بِهَا الَّذِينَ لَا يُؤْمِنُونَ بِهَا وَالَّذِينَ آمَنُوا مُشْفِقُونَ مِنْهَا وَيَعْلَمُونَ أَنَّهَا الْحَقُّ أَلَا إِنَّ الَّذِينَ يُمَارُونَ فِي السَّاعَةِ لَفِي ضَلَالٍ بَعِيدٍ۞**<br>မယုံကြည်သော သူတို့သည်သာ **၎င်း**ကို စိတ်စောနေကြ၏။ ယုံကြည်သော သူတို့သည် ၎င်းကို စိုးထိတ်လျက် ရှိ၍၊ ၎င်းသည် အမှန်တရားဟု သိနေကြ၏။ ကေန်အမှန်ပင် အချိန်နာရီနှင့် စပ်လျဉ်း၍ ငြင်းခုံနေသောသူတို့သည် ဝေးစွာသော လမ်းလွဲခြင်း၌ ရှိကုန်၏။ |
| ၁၉။ | **اللَّهُ لَطِيفٌ بِعِبَادِهِ يَرْزُقُ مَن يَشَاء وَهُوَ الْقَوِيُّ العَزِيزُ۞**<br>ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များအား သက်ညှာနေတော်မူ၏။ စံချိန်ပြည့်မှီသူအား ရိက္ခာရစေတော်မူ၏၊ အရှင်သည် အင်အားကြီးသော အရှင်၊ ဘုန်းတော်ရှင် ဖြစ်တော်မူ၏။ |
| ၂၀။<br>မျိုးစေ့ချ | **مَن كَانَ يُرِيدُ حَرْثَ الْآخِرَةِ نَزِدْ لَهُ فِي حَرْثِهِ وَمَن كَانَ يُرِيدُ حَرْثَ الدُّنْيَا نُؤتِهِ مِنْهَا وَمَا لَهُ فِي الْآخِرَةِ مِن نَّصِيبٍ۞**<br>နောင်ဘဝ အတွက် **ထွန်ယက်**လိုသော သူအား ငါသည် သူ၏ **ထွန်ယက်**ခြင်းကို တိုးပွားစေတော်မူပြီ။ ဤဘဝ အတွက်သာ **ထွန်ယက်** လိုသော သူအား ထိုအတွက်ကို ပေးကမ်းလတ္တံ့၊ နောင်ဘဝ၌ သူအတွက် ဝေစု မရှိချေ။ |
| ၂၁။ | **أَمْ لَهُمْ شُرَكَاء شَرَعُوا لَهُم مِّنَ الدِّينِ مَا لَمْ يَأْذَن بِهِ اللَّهُ وَلَوْلَا كَلِمَةُ الْفَصْلِ لَقُضِيَ بَيْنَهُمْ وَإِنَّ الظَّالِمِينَ لَهُمْ عَذَابٌ أَلِيمٌ۞**<br>ရောပြွန်းကိုးကွယ်ခံတို့က သူတို့အတွက် ဝိနည်းများဟု ပရမတ်ဘုရားရှင်က ခွင့်ပြုခြင်း မရှိသည့် သာသနာများမှ ယူ၍ပညတ်သလော၊ အကယ်၍ ရှင်းလင်းဆုံးဖြတ်မည့် ဓမ္မတော် မရှိခဲ့လျှင်၊ သူတို့၏ကြား၌ အဆုံးသတ်ပြီး ဖြစ်လတ္တံ့၊ အမိုက်ကောင်များအတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၂၂။<br>☆၃၀း၁၅ | **تَرَى الظَّالِمِينَ مُشْفِقِينَ مِمَّا كَسَبُوا وَهُوَ وَاقِعٌ بِهِمْ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فِي رَوْضَاتِ الْجَنَّاتِ لَهُم مَّا يَشَاؤُونَ عِندَ رَبِّهِمْ ذَلِكَ هُوَ الْفَضْلُ الكَبِيرُ۞**<br>အမိုက်ကောင်တို့အား သူတို့ကျင့်ဆောင်ခဲ့မှုများကြောင့် ကြောက်ရွံ့တုန်လှုပ်နေသည်ကို သင်တွေ့မြင်ရလတ္တံ့။ ၎င်းသည် သူတို့အပေါ်သို့ ကျရောက်လတ္တံ့။ ယုံကြည်လျက် ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသော သူတို့အား စိမ်းလန်းစိုပြေသော ဥယျာဉ်အတွင်း၊☆ သူတို့အတွက် စံချိန်အလျှောက် သူတို့ ကံကြမ္မာရှင်ထံ၌ ရှိ၏။ ဤသည် ကျက်သရေမင်္ဂလာကြီးပင် ဖြစ်၏။ |
| ၂၃။ | **ذَلِكَ الَّذِي يُبَشِّرُ اللَّهُ عِبَادَهُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ قُل لَّا أَسْأَلُكُمْ عَلَيْهِ أَجْرًا إِلَّا الْمَوَدَّةَ فِي الْقُرْبَى وَمَن يَقْتَرِفْ حَسَنَةً نَّزِدْ لَهُ فِيهَا حُسْنًا إِنَّ اللَّهَ غَفُورٌ شَكُورٌ۞**<br>ဤသည် ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ပြုသော၊ အရှင်၏ အမှုတော်ဆောင်များအတွက် ပရမတ်ဘုရားရှင်ထံမှ သတင်းကောင်းဖြစ်၏။ ဟောလော့ "သင်တို့မှ ကျွန်ုပ်တောင်းဆိုသည့် အကျိုးအမြတ်မှာ ဆွေမျိုးသားချင်း ချစ်ခင်စေခြင်းမှအပ အခြားမဟုတ်ချေ။" ကောင်းမှုကို ဖြည့်ဆီးသော သူအတွက် ငါသည် ထို၌ ကောင်းမှုကို ဆင့်တိုးစေမည်ပင်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ ကျေးဇူးပြုနေသော အရှင် ဖြစ်တော်မူ၏။ |
| ၂၄။ | **أَمْ يَقُولُونَ افْتَرَى عَلَى اللَّهِ كَذِبًا فَإِن يَشَأِ اللَّهُ يَخْتِمْ عَلَى قَلْبِكَ وَيَمْحُ اللَّهُ الْبَاطِلَ وَيُحِقُّ الْحَقَّ بِكَلِمَاتِهِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ۞**<br>သို့တည်းမဟုတ် သူတို့က "သူသည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး၏၊"ဟု ဆိုကြသလော။ အကယ် |

| | |
|---|---|
| | ၍ စံချိန်ပြည့်မှီခဲ့သော် ပရမတ်ဘုရားရှင်သည် သင်၏ နှလုံးသားကို အဆုံးသတ်ထားနိုင်၏။ ပရမတ်ဘုရားရှင်သည် မိစ္ဆာတရားကို ဖယ်ရှားပစ်လျှက် သစ္စတရားကို ဓမ္မတော်အားဖြင့် အမှန်ဖြစ်စေလတ္တံ့၊ ကေန်ပင် အရှင်သည် အတွင်း အစ္စျတ္တကို သိနေတော်မူ၏။ |
| ၂၅။ | **وَهُوَ الَّذِي يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَعْفُو عَنِ السَّيِّئَاتِ وَيَعْلَمُ مَا تَفْعَلُونَ۞**<br>အရှင်သည် အမှုတော်ဆောင်များ၏ ခဝါချမှုကို အကိုးပြည့်စေသော၊ အကုသိုလ်များကို ဖြေဖျောက်ပေးသော၊ ကျင့်ကြံ လေသမျှကို သိနေတော်မူသော အရှင်ဖြစ်၏။ |
| ၂၆။ | **وَيَسْتَجِيبُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَيَزِيدُهُم مِّن فَضْلِهِ وَالْكَافِرُونَ لَهُمْ عَذَابٌ شَدِيدٌ۞**<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ပြုသူတို့အား အလိုတူတော်မူ၍၊ အရှင်၏ သိက္ခာပေးခြင်းမှ သူတို့အား တိုးပွား စေတော်မူ၏။ ဖုံးကွယ်သူတို့အတွက်မူ ပြတ်သားသော ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ |
| ၂၇။ | **وَلَوْ بَسَطَ اللَّهُ الرِّزْقَ لِعِبَادِهِ لَبَغَوْا فِي الْأَرْضِ وَلَكِن يُنَزِّلُ بِقَدَرٍ مَّا يَشَاء إِنَّهُ بِعِبَادِهِ خَبِيرٌ بَصِيرٌ۞**<br>ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များအတွက် ရိက္ခာကို အလျှံပယ်ဖြစ်စေခဲ့သော် သူတို့သည် မြေ ကမ္ဘာ၌ သောင်းကျန်းကြကုန်လတ္တံ့၊ သို့ဖြစ်၍ အရှင်သည် စံချိန်အလျောက် စည်းချိန်ကို ချမှတ်ပေးတော်မူ၏။ ကေန်ပင် ရှင်သည် အမှုတော်ဆောင်တို့အား သတင်းရနေတော်မူ၏၊ မြင်သိနေတော်မူ၏ |
| ၂၈။ | **وَهُوَ الَّذِي يُنَزِّلُ الْغَيْثَ مِن بَعْدِ مَا قَنَطُوا وَيَنشُرُ رَحْمَتَهُ وَهُوَ الْوَلِيُّ الْحَمِيدُ۞**<br>သူတို့သည် စိတ်ပျက်လက်မှိုင်ချနေပြီးနောက် အရှင်သည် မိုးရေကို သွန်းချစေတော်မူ၍၊ ကရုဏာတော်ကို ဖြန့်ကျဲ ပေးတော်မူ၏။ အရှင်သည် ကွပ်ကဲသည့်အရှင် ရည်သန်စူးစိုက်မှုတည်ရာ အရှင် ဖြစ်၏။ |
| ၂၉။ | **وَمِنْ آيَاتِهِ خَلْقُ السَّمَاوَاتِ وَالْأَرْضِ وَمَا بَثَّ فِيهِمَا مِن دَابَّةٍ وَهُوَ عَلَى جَمْعِهِمْ إِذَا يَشَاء قَدِيرٌ۞**<br>မိုးများ၊ မြေကမ္ဘာနှင့် ထိုင်၌ ပြန့်နှံ့ပေါက်ပွားစေသော သက်ရှိတို့အား ဖြစ်တည်စေခြင်းသည် အရှင်၏ နိမိတ်လက္ခဏာ များမှ ဖြစ်၏။ အရှင်သည် စည်းချိန် စံချိန်ပြည့်မှီသောအခါ ၎င်းတို့အား စုပေါင်းနိုင်တော်မူ၏။ |
| ၃၀။ | **وَمَا أَصَابَكُم مِّن مُّصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُو عَن كَثِيرٍ۞**<br>သင်တို့အား ထိသက်သော ဘေးဥပဒ်များသည် သင်တို့၏ လက်ဖြင့် ကျင့်ဆောင်ခဲ့ရာများ ဖြစ်၍၊ မြောက်များစွာ အား ဖြေဖျောက်ပေးပြီး ဖြစ်၏။ |
| ၃၁။ | **وَمَا أَنتُم بِمُعْجِزِينَ فِي الْأَرْضِ وَمَا لَكُم مِّن دُونِ اللَّهِ مِن وَلِيٍّ وَلَا نَصِيرٍ۞**<br>မြေကမ္ဘာ၌ သင်တို့အတွက် လွတ်မြောက်ရန်လမ်း မရှိချေ။ သင်တို့အတွက် ပရမတ်ဘုရားရှင်မှအပ ကွပ်ကဲမည့်သူ၊ ကူညီမည့်သူ မရှိချေ။ |
| ၃၂။ | **وَمِنْ آيَاتِهِ الْجَوَارِ فِي الْبَحْرِ كَالْأَعْلَامِ۞**<br>ပင်လယ်ပြင်အတွင်း အောင်လံလွှင့်လျှက် ရှိသော သင်္ဘောကြီးများသည်လည်း အရှင်၏ နိမိတ်လက္ခဏာများမှ ဖြစ်၏။ |
| ၃၃။<br>ပင်လယ်ပြင် | **إِن يَشَأْ يُسْكِنِ الرِّيحَ فَيَظْلَلْنَ رَوَاكِدَ عَلَى ظَهْرِهِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ۞**<br>စံချိန်ပြည့်မှီခဲ့လျှင် လေအား တည်ငြိမ်စေလျှက် **၎င်း**၏ ကျောပြင်၌ ရွေ့လျားခြင်းကို ရပ်တန့်စေလိမ့်မည်။ ဤသည် သည်းခံပါရမီရှိသူ၊ ကျေးဇူးသိတတ်သူ ကိုယ်စီအတွက် နိမိတ်လက္ခဏာများ ဖြစ်၏။ |
| ၃၄။ | **أَوْ يُوبِقْهُنَّ بِمَا كَسَبُوا وَيَعْفُ عَن كَثِيرٍ۞**<br>သို့တည်းမဟုတ် သူတို့၏ကျင့်ဆောင်မှုများကြောင့် သူတို့ကိုပျက်စီးစေနိုင်၏၊ အများစုကို ဖြေဖျောက်ပေးခဲ့ချေပြီ။ |

| | |
|---|---|
| ၃၅။ | وَيَعْلَمَ الَّذِينَ يُجَادِلُونَ فِي آيَاتِنَا مَا لَهُم مِّن مَّحِيصٍ۞<br>ငါ၏ သုတ်ဒေသနာများကို စောဒကတက် သူတို့အား သူတို့၌ ခိုအောင်းရာ မရှိဟူ၍၊ သိစေလော့။ |
| ၃၆။ | فَمَا أُوتِيتُم مِّن شَيْءٍ فَمَتَاعُ الْحَيَاةِ الدُّنْيَا وَمَا عِندَ اللَّهِ خَيْرٌ وَأَبْقَى لِلَّذِينَ آمَنُوا وَعَلَى رَبِّهِمْ يَتَوَكَّلُونَ۞<br>သင်တို့အား ဤလောကီ သက်တမ်း၌ ပေးခြင်းခံရသော အရာတို့သည် မာယာသာ ဖြစ်၏၊ ယုံကြည်လျှက် ကံကြမ္မာရှင်၏ အပေါ် ယုံပုံကိုးစားသော သူတို့အတွက်၊ ပရမတ်ဘုရားရှင်၏ ထံပါး၌မူ ပိုမိုကောင်းမြတ်၍၊ တည်မြဲခြင်း ရှိ၏။ |
| ၃၇။ | وَالَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ وَالْفَوَاحِشَ وَإِذَا مَا غَضِبُوا هُمْ يَغْفِرُونَ۞<br>သူတို့သည် ကြီးသော မကောင်းမှုနှင့် မကြားဝံ့မနာသာမှုမှ ရှောင်ကြဉ်ကြ၏။ စိတ်လိုက်မာန်ပါ ဖြစ်သည့်တိုင် ခွင့်လွှတ်တတ်လေ့ရှိ၏။ |
| ၃၈။ | وَالَّذِينَ اسْتَجَابُوا لِرَبِّهِمْ وَأَقَامُوا الصَّلَاةَ وَأَمْرُهُمْ شُورَى بَيْنَهُمْ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ۞<br>သူတို့သည် ကံကြမ္မာရှင်၏ နိယာမအတွက် အလိုက်သင့်ရှိ၏၊ မေတ္တာဓိဌာန် မြဲကြ၏။ စီမံချက်များအတွက် သူတို့ချင်းကြား နှီးနှောမှု ရှိကြ၏။ သူတို့အား ငါပေးသည့် ရိက္ခာများမှာ လှူဒါန်း ပေးဝေကြကုန်၏။ |
| ၃၉။ | وَالَّذِينَ إِذَا أَصَابَهُمُ الْبَغْيُ هُمْ يَنتَصِرُونَ۞<br>ညှင်းပန်းနှိပ်စက်မှုများ ထိသက်ခံရသော သူ၊ ထိုစဉ် ထိုသူတို့သည် ခုခံခွင့်များ ရှိကြ၏။ |
| ၄၀။ | وَجَزَاءُ سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا فَمَنْ عَفَا وَأَصْلَحَ فَأَجْرُهُ عَلَى اللَّهِ إِنَّهُ لَا يُحِبُّ الظَّالِمِينَ۞<br>သူ့အား သင့်သော အကုသိုလ်နှင့် အလားတူ အကုသိုလ်ကိုသာ အစားပေးခွင့်ရှိ၏၊ သို့သော် ဖြေဖျောက်လျှက် ပြုပြင်ပြောင်းလဲကြလျှင် ပရမတ်ဘုရားရှင်၏ထံမှ အကျိုးဆုသည် ရှိ၏။ အရှင်သည် အမိုက်ကောင်တို့အား နှစ်သက်တော်မမူချေ။ |
| ၄၁။ | وَلَمَنِ انتَصَرَ بَعْدَ ظُلْمِهِ فَأُولَئِكَ مَا عَلَيْهِم مِّن سَبِيلٍ۞<br>အမိုက်သင့်ညှင်းဆဲခံရ ပြီးနောက် ခုခံကာကွယ်အံ့၊ ထိုသူတို့အပေါ်၌ (အပြစ်ယူရန်) နည်းလမ်းမရှိချေ။ |
| ၄၂။ | إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَظْلِمُونَ النَّاسَ وَيَبْغُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ أُولَئِكَ لَهُم عَذَابٌ أَلِيمٌ۞<br>လူသားအတို့အပေါ်၌  အမိုက်စီးညှင်းဆဲ၍၊ မြေကမ္ဘာ၌ သစ္စာမဲ့စွာဖြင့် ထကြွသော သူတို့ အပေါ်၌သာ အရေးယူနိုင်သည့် နည်းလမ်းသည် ရှိ၏။ ထိုသူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၄၃။ | وَلَمَن صَبَرَ وَغَفَرَ إِنَّ ذَلِكَ لَمِنْ عَزْمِ الْأُمُورِ۞<br>သီးခံ၍ ခွင့်လွှတ်တတ်သော သူသည်– ကေန်ပင် အရေးအရာများကို စနစ်တကျ ဖြေရှင်းတတ်သူ ဖြစ်၏။ |
| ၄၄။ | وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِن وَلِيٍّ مِّن بَعْدِهِ وَتَرَى الظَّالِمِينَ لَمَّا رَأَوُا الْعَذَابَ يَقُولُونَ هَلْ إِلَى مَرَدٍّ مِّن سَبِيلٍ۞<br>ပရမတ်ဘုရားရှင်က အပါယ်၌ ရှိစေသူ အတွက်၊ အရှင်၏နောက် အခြား ကွပ်ကဲသူဟူသည် မရှိချေ။ အဝိဇ္ဇာကောင်တို့သည် ဝဋ်ကြွေးအား တွေ့မြင်ရသောအခါ၊ “နောက်လှည့်ပြန်စရာ နည်းလမ်းများ ရှိလေသလော၊”ဟု သူတို့ ပြောဆိုသည်ကို သင်မြင်ရလတ္တံ့။ |
| ၄၅။ | وَتَرَاهُمْ يُعْرَضُونَ عَلَيْهَا خَاشِعِينَ مِنَ الذُّلِّ يَنظُرُونَ مِن طَرْفٍ خَفِيٍّ وَقَالَ الَّذِينَ آمَنُوا إِنَّ الْخَاسِرِينَ الَّذِينَ خَسِرُوا أَنفُسَهُمْ وَأَهْلِيهِمْ يَوْمَ الْقِيَامَةِ أَلَا إِنَّ الظَّالِمِينَ فِي عَذَابٍ مُّقِيمٍ۞ |

| | |
|---|---|
| | သူတို့အား အသင့်ရောက်စေသောအခါ၊ သိမ်ငယ် ကြောက်ရွံ့လျက် "မျက်တောင်ဖျတ်ဖျတ် ခိုးကြည့်သည်ကိုသာ သင်မြင်ရလတ္တံ့။ ယုံကြည်သော သူတို့က "အမှန် ဆုံးရှုံးရသော သူမှာ သူတို့၏ ဉာဉ်စရိုက်များ၊ သူတို့၏ ဝိုင်းသားများအား မြဲမြံတည်တံ့ရသော ကာလ၌ ဆုံးရှုံးနစ်နာစေသောသူ ဖြစ်၏။ အဝိဇ္ဇာကောင်တို့သည်ကား မြဲမြံသော ဝဋ်ကြွေးထဲ၌ နေရလတ္တံ့၊"ဟု ဆိုကြ၏။ |
| ၄၆။ | وَمَا كَانَ لَهُم مِّنْ أَوْلِيَاء يَنصُرُونَهُم مِّن دُونِ اللَّهِ وَمَن يُضْلِلِ اللَّهُ فَمَا لَهُ مِن سَبِيلٍ۞<br>ထိုသူတို့အတွက် ကူညီစောင်မရန် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျက် ကွပ်ကဲသူဟူ၍ မရှိချေ။ ပရမတ်ဘုရားရှင်က အပယ်၌ ရှိစေ သူအတွက် လမ်းစလမ်းန မရှိချေ။ |
| ၄၇။<br>☆၄၂း၃၈ | اسْتَجِيبُوا لِرَبِّكُم مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لَّا مَرَدَّ لَهُ مِنَ اللَّهِ مَا لَكُم مِّن مَّلْجَأٍ يَوْمَئِذٍ وَمَا لَكُم مِّن نَّكِيرٍ۞<br>ပရမတ်ဘုရားရှင်၏ ထံမှ ပေးရောက်လာစေသည့် ဦးပြန်မလှည့်သော နေ့ကာလ မတိုင်မီ သင်တို့၏ကံကြမ္မာရှင် အတွက် အလိုက်သင့်နေလော့။☆ ထိုနေ့ကာလ၌ သူတို့အတွက် ခိုလှုံရာဟူ၍ မရှိ၊ သူတို့အတွက် ငြင်းဆန်နိုင်စွမ်း ရှိချေ။ |
| ၄၈။ | فَإِنْ أَعْرَضُوا فَمَا أَرْسَلْنَاكَ عَلَيْهِمْ حَفِيظًا إِنْ عَلَيْكَ إِلَّا الْبَلَاغُ وَإِنَّا إِذَا أَذَقْنَا الْإِنسَانَ مِنَّا رَحْمَةً فَرِحَ بِهَا وَإِن تُصِبْهُمْ سَيِّئَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ فَإِنَّ الْإِنسَانَ كَفُورٌ۞<br>အကယ်၍ သူတို့သည် ကျောခိုင်းသွားကြလျှင်၊ ငါသည် သင့်အား စောင့်ရှောက်သူအဖြစ် သူတို့ထံသို့ မစေစားချေ။ သင့်ဝန်တာမှာ ဓမ္မရင့်သန်စေရန်သာ ဖြစ်၏။ ငါသည် လူသားအား ငါ၏ ကရုဏာတော်အား မြည်းစမ်းစေသောအခါ၊ ထို၌ ပျော်ရွှင်မြူးထူး၏။ သူတို့၏ လက်ရာများကြောင့် သူ့အား အကုသိုလ် ထိသက်စေသော်၊ ကေန်ပင် လူသားသည် ဖုံးကွယ်ကျေးစွပ်သူ ဖြစ်တော့၏။ |
| ၄၉။<br>☆၂း၇၀ | لِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يَخْلُقُ مَا يَشَاء يَهَبُ لِمَنْ يَشَاء إِنَاثًا وَيَهَبُ لِمَن يَشَاء الذُّكُورَ۞<br>မိုးများနှင့် မြေကမ္ဘာအား ပိုင်စိုးခြင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် စံချိန်နှင့်အညီ☆ ဖြစ်တည်စေ၏။ စံချိန်အလျောက် သမီးရတနာကို ချီးမြှင့်၍၊ စံချိန်အလျောက် သားရတနာကို ချီးမြှင့်ပေးတော်မူ၏။ |
| ၅၀။ | أَوْ يُزَوِّجُهُمْ ذُكْرَانًا وَإِنَاثًا وَيَجْعَلُ مَن يَشَاء عَقِيمًا إِنَّهُ عَلِيمٌ قَدِيرٌ۞<br>သို့မဟုတ် သားဖေါ်၊ သမီးဖေါ် သူတို့၏ အဖေါ်စုံဘက် ဖြစ်စေ၏။[၉၄၂] စံချိန်အလျောက် အမြုံအဖြစ် စီမံပေးသူ လည်းရှိ၏။ ကေန်ပင် အရှင်သည် သိနေသောအရှင်၊ စည်းချိန်ချမှတ်သော အရှင် ဖြစ်တော်မူ၏၊ |
| ၅၁။ | وَمَا كَانَ لِبَشَرٍ أَن يُكَلِّمَهُ اللَّهُ إِلَّا وَحْيًا أَوْ مِن وَرَاء حِجَابٍ أَوْ يُرْسِلَ رَسُولًا فَيُوحِيَ بِإِذْنِهِ مَا يَشَاء إِنَّهُ عَلِيٌّ حَكِيمٌ۞<br>အာရုံစျာန်ကိန်းဝပ်စေ၍၊ သို့မဟုတ် စည်းခြား၍၊ သို့မဟုတ် အရှင့် ခွင့်ပြုချက်ဖြင့် စံချိန်ပြည့်မီသော အာရုံစျာန် ဖြန့်ကျက်ခွင့်ရ ဉာဏ်စဉ်တော်ဆောင်များကို စေစား၍မှ အပ ပရမတ်ဘုရားရှင်နှင့် တိုက်ရိုက် စကားပြောဆိုနိုင်သော လူသားဟူ၍ မရှိ။ အရှင်သည် အမြင့်မြတ်ဆုံး ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၅၂။ | وَكَذَلِكَ أَوْحَيْنَا إِلَيْكَ رُوحًا مِّنْ أَمْرِنَا مَا كُنتَ تَدْرِي مَا الْكِتَابُ وَلَا الْإِيمَانُ وَلَكِن جَعَلْنَاهُ نُورًا نَّهْدِي بِهِ |

(၉၄၂) ဤသုတ်တော်တွင်– **အဖေါ်စုံဘက်** ဖြစ်စေ၏၊ ဟု သုံးသော စကားလုံးမှာ **ဇောင်းဂျွန်** ပင်ဖြစ်၍၊ သူတို့၏ ဇနီးကြင်ယာကြင်ဘက်များဟု လုံးဝ အဓိပ္ပါယ်ကို မပေးချေ။ ဤဝါကျတွင် သားရော သမီးပါ၊ သူတို့အတွက် ရဲဘော်ရဲဘက် အဖေါ်အပေါင်း ဖြစ်စေခြင်းကို ညွှန်းပေသည်။ သို့ဖြစ် ၍ **ဇောင်းဂျွန်**ဆိုသော စကား၊ **နိကာဟ်**ဆိုသော စကားလုံးများကို တွေ့တိုင်း ကိုယ်တော်မုဟမ္မဒ်၏ ဂုဏ်သိက္ခာကို စော်ကား ပုတ်ခတ်ရန် သို့မဟုတ် ပုတ်ခတ်သလို ဖြစ်စေရန် ရေးသား ပြန်ဆိုသည်များကို ဆင်ခြင်သင့်ပေသည်။ (၃၃း၃၇ တွင်ကြည့်ပါ)။ ဤသုတ်တော်သည် သမီးမိန်းက လေးရရှိလာလျှင် အဖေါ်မရ၊ အမင်္ဂလာ ဖြစ်သည်ဟူ၍ အရှင်လတ်လတ် သတ်ပစ်သော ရိုးရာ ဓလေ့ဆိုးများကိုလည်း ပါယ်ဖျက်ခြင်း ဖြစ်ပေသည်။ (၁၆း၅၈–၅၉)

| | |
|---|---|
| | **مَنْ نَّشَاء مِنْ عِبَادِنَا وَإِنَّكَ لَتَهْدِي إِلَى صِرَاطٍ مُّسْتَقِيمٍ۞**<br>ဤသို့ပင်၊ ငါသည် သင့်အပေါ်သို့ ငါ့၏ စီမံမိန့်များမှ ဉာဏ်စဉ်ကို ဈာန်အာရုံဝင်စားစေပြီ။ ကျမ်းတော်နှင့် ယုံကြည်ချက် ဟူသည်ကို သင် မမျှော်မြင်မိခဲ့ချေ– သို့သော် ၎င်းကို အလင်းတစ်ဆောင် ဖြစ်စေ၏၊ စံချိန်ပြည့်မှီသော ငါ၏ အမှုတော်ဆောင်များအတွက် လမ်းညွှန် ဖြစ်စေ၏။ ကေန်ပင် သင်သည် မြဲမြံတည်တံ့သော လမ်းစဉ်ကို ညွှန်ပြသူ ဖြစ်၏။ |
| ၅၃။ | **صِرَاطِ اللَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ أَلَا إِلَى اللَّهِ تَصِيرُ الأمُورُ۞**<br>ယင်းမှာ မိုးများအတွင်း မြေအတွင်း ရှိသမျှတို့၏ အချုပ်အခြာကို ပိုင်သော ပရမတ်ဘုရားရှင်၏ ထံသို့ လမ်းစဉ်တော် ဖြစ်၍။ ကေန်အမှန် အရေးအရာအားလုံး၏ ခရီးဆုံးပန်းတိုင်သည် ပရမတ်ဘုရားရှင်၏ ထံသို့ ဖြစ်၏။ |